# ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေ။[၁]

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၇။]
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

*နိဒါန်း။*

ဆည်မြောင်းဌာန၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း၊ အလားတူအစိုးရဌာနနှင့် ကိုယ်စားလှယ်ဌာနတို့က၊ လိုအပ်သောစီမံချက်များ မဆောင်ရွက်နိုင်သော ကျေးလက်ဒေသများတွင်၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံမဟုတ်သော ပစ္စည်းများထုတ်လုပ်ရေးတိုးတက်လာစေရန်လည်းကောင်း၊ ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန်လည်းကောင်း ရည်ရွယ်သည့်စီမံကိန်းများ ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းချက် ပြုလုပ်သင့်သည် တစ်ကြောင်း၊

ထို့ပြင် ဤအက်ဥပဒေ ရည်ရွယ်ချက်များဖြစ်မြောက်အောင် ဆောင်ရွက်ရေးအတွက် ရန်ပုံငွေ တစ်ခုတည်ထောင်ထားရှိ၍၊ အာဏာများအပ်နှင်းသင့်သည်လည်းတစ်ကြောင်း၊

ထို အကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်နေ့ရက်၊ သို့တည်းမဟုတ် နေ့ရက်များနှင့် နယ်မြေများတွင် စတင်အာဏာတည်ရမည်။[၂]

*အဓိပ္ပာယ်ဖော်ပြချက်။*

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "မင်းကြီး" ဆိုသည်မှာ၊ တိုင်းမင်းကြီးကို ဆိုလိုသည်။

(ခ) "ရန်ပုံငွေ" ဆိုသည်မှာ၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေကို ဆိုလိုသည်။

---

*၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ-၁၉၃၄။*

*၂။ ဤအက်ဥပဒေသည် ပြည်နယ်များမှအပ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ကျန်အပ်ချုပ်ဒေသအားလုံးတွင် ၂၂-၁၂-၆၀ ရက်နေ့မှ စတင်အာဏာတည်သည်။ (ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အုပ်ချုပ်ရေး ဌာနခွဲ၏ ၂၂-၁၂-၆၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁၀၁၈)။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်၊ စာမျက်နှာ-၁၇။)*

(ဂ) "အကျိုးခံစားခွင့်ရှိသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ စရိတ်စကများ လက်ခံရန် သဘောတူသောသူတစ်ဦး၊ သို့တည်းမဟုတ် တစ်စုကို ဆိုလိုသည်။

(ဃ) "ခရိုင်" ဆိုသည်မှာ၊ အခွန်တော်နှင့် စီရင်အုပ်ချုပ်မှုကိစ္စများအလို့ငှာ၊ ခရိုင် အဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုလိုသည်။

(င) "တိုင်း" ဆိုသည်မှာ၊ အခွန်တော်နှင့် စီရင်အုပ်ချုပ်မှုကိစ္စများအလို့ငှာ၊ တိုင်း အဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုလိုသည်။

(စ) "နည်းဥပဒေ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတကပြုသည့် နည်းဥပဒေကို ဆိုလိုသည်။

(ဆ) "စရိတ်စကများ" ဆိုသည်မှာ၊ လုပ်ငန်းများတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ကြီးကြပ်ခြင်း၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းအတွက် ကုန်ကျစရိတ်များ ကာမိစေရန် ငွေဖြင့်သော်လည်းကောင်း၊ ပစ္စည်းဖြင့် သော်လည်းကောင်း၊ ထုတ်ပေးပြီးနောက် အကျိုးခံစားခွင့်ရှိသူက၊ မိမိ၏ကြိုတင် သဘောတူညီချက်ဖြင့် ခရိုင်ဝန်အမိန့်ချမှတ်သည့် စည်းကမ်းချက်များအရ၊ အမိန့်ချမှတ်သည့် နည်းလမ်းအတိုင်း ပေးဆပ်ရမည့်ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ အရပ်ရပ်မှစ၍ ၎င်းတို့ ပေါ်တွင် အတိုးငွေကို ဆိုလိုသည်။

၃။ ရန်ပုံငွေတည်ထောင်ထားရှိခြင်း။ ။ တိုင်းအသီးသီးအတွက် ကျေးလက်စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှုရန်ပုံငွေကို တည်ထောင်ထားရှိရမည့်ပြင်၊ ထို ရန်ပုံငွေသို့၊ အောက်ပါငွေများကိုလည်း ထည့်သွင်းရမည် —

(က) ဤအက်ဥပဒေအရ မင်းကြီးက၊ ပြည်ထောင်စုအစိုးရထံမှ ရရှိသည့်ငွေအားလုံး။

(ခ) အကျိုးခံစားခွင့်ရှိသူများထံမှ၊ ၎င်းတို့အား အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်း အတွက် ကုန်ကျစရိတ်များနှင့် အတိုးအဖြစ်ရရှိသည့်ငွေအားလုံး။

(ဂ) ရန်ပုံငွေနှင့် သက်ဆိုင်သည့် အခြားငွေများ။

၄။ ရန်ပုံငွေသုံးစွဲခြင်း။ ။ ရန်ပုံငွေကို၊ ဤကိစ္စအလို့ငှာပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တစ်ခုခုအတွက်ဖြစ်စေ အသုံးပြုရ မည် —

(က) လယ်ယာစိုက်ပျိုးရေးကိစ္စများအလို့ငှာသော်လည်းကောင်း။ လယ်ယာစိုက်ပျိုးရေးတွင် ခိုင်းစေသည့် ကျွဲနွားတိရစ္ဆာန်များနှင့် လူများအသုံးပြုရန် အလို့ငှာသော်လည်းကောင်း။ ရေသိုလှောင်ရေး၊ ရေပေးသွင်းရေးနှင့် ရေဝေရေးအတွက် တာတမံများဖို့လုပ် ပြုပြင်ရန်၊ ရေတွင်းရေကန်များ တူးဖော်ပြုပြင်ရန်နှင့် အခြားလုပ်ငန်းများ တည်ဆောက်ပြုပြင်ရန်ကိစ္စ။

(ခ) ဆည်မြောင်းအတွက်မြေကို သင့်လျော်အောင်ပြုပြင်စီမံရန်၊ တူးမြောင်းငယ်များ ဖောက်လုပ်၊ သို့တည်းမဟုတ် ပြုပြင်ရန်ကိစ္စ။

(ဂ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းတူးဖော်ရေး အသုံးအဆောင်နှင့် စက်ကိရိယာများ ဝယ်ယူခြင်း။ သို့မဟုတ် ငှားရမ်းခြင်းကိစ္စ။

(ဃ) လယ်ယာစိုက်ပျိုးရေးကိစ္စများအတွက် ရေသွင်းခြင်း၊ ရေထုတ်ခြင်းကို ဆောင်ရွက်ရန်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ သို့တည်းမဟုတ် ခုတ်ထွင်ရှင်းလင်းရန်ကိစ္စ။

(င) အထက်အဆိုပါ လုပ်ငန်းတစ်ခုခုကို အသစ်လဲလှယ်ရန်၊ သို့တည်းမဟုတ် ပြန်လည် တည်ဆောက်ရန်ကိစ္စ၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် ပြုပြင်ပြောင်းလဲရန်၊ သို့တည်းမဟုတ် ဖြည့်စွက်ရန်ကိစ္စ။ ထို့ပြင်

(စ) ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် မင်းကြီးက ဆုံးဖြတ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စ။

*စရိတ်စကများပေးဆပ်ရန် ကာလအပိုင်းအခြား။*

၅။ ။ ဤအက်ဥပဒေအရ ထုတ်ပေးသည့်စရိတ်စကအားလုံးကို၊ အကျိုးခံစားခွင့်ရှိသူက ခရိုင်ဝန်ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း ပေးဆပ်ရမည်။

*စရိတ်စကများအရ တောင်းခံခြင်း*

၆။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ဖြစ်စေ ထုတ်ပေးသည့် စရိတ်စကဟူသမျှကိုလည်းကောင်း၊ ထို စရိတ်စကပေါ်တွင် တောင်းခံနိုင်သည့်အတိုးများရှိလျှင်၊ ထိုအတိုးအားလုံးကိုလည်းကောင်း၊ ထိုစရိတ်စကနှင့် အတိုးကို တောင်းခံရာတွင် ကုန်ကျသည့် စရိတ်များရှိလျှင်၊ ထိုစရိတ်များကိုလည်းကောင်း ခရိုင်ဝန်က အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ၎င်း၏ခံဝန်သူများထံမှဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ခံဝန်သူများပိုင်ပစ္စည်းများထံမှဖြစ်စေ ၎င်းက ပေးဆောင်ရန်ရှိသည့် အခွန်တော်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ တောင်းခံရမည်။

၇။ ။ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ၊ ခရိုင်ဝန်က စရိတ်စကများ ခွင့်ပြုသော မည်သည့်အမိန့်စာမဆို —

*အချို့သောအချက်များတွင် စရိတ်စကများ ထုတ်ပေးရန် ချမှတ်သည့် အမိန့်မှာ အပြီး အပြတ် သက်သေမဖြစ်ခြင်း။*

(က) ထိုအမိန့်စာတွင် ဖော်ပြထားသည့် စရိတ်စကများမှာ၊ ဤ အက်ဥပဒေအဓိပ္ပာယ် အရ စရိတ်စကများဖြစ်ကြောင်း၊

(ခ) ထိုအမိန့်စာတွင် ဖော်ပြထားသည့် အကျိုးခံစားခွင့်ရှိသူမှာ၊ အဆိုပါ စရိတ်စက များမှ အကျိုးခံစားရသူဖြစ်ကြောင်း

အပြီးအပြတ် သက်သေခံ ဖြစ်စေရမည်။

*အကျိုးခံစားခွင့် ရှိသူများ တွဲဖက်၍ ဖြစ်စေ၊ ကိုယ်စီ ကိုယ်ငှ ဖြစ်စေ တာဝန်ရှိခြင်း။*

၈။ ။ (၁) ဤအက်ဥပဒေအရ စရိတ်စကကို၊ သူတစ်ဦးတည်းအားသော်လည်းကောင်း၊ လူတစ်စုအားသော်လည်းကောင်း၊ ထိုစရိတ်စကနှင့် စပ်လျဉ်း၍ ပေးဆပ်ရမည့် ငွေတစ်ရပ်လုံးကို ပေးဆပ်ရန်၊ ၎င်းတို့အားလုံး တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ တာဝန်ယူပါသည်ဟူသော စည်းကမ်းချက်အရ ထုတ်ပေးသည့်အခါ၊ ထို့ပြင် ထိုသူတို့ အသီးသီးပေးဆပ်ရန် တာဝန်ရှိသည့်ငွေပေါင်း ဖော်ပြသောစာရင်းကို၊ ထို စရိတ်စကခွင့်ပြုသည့် အမိန့်တွင်ရေးသွင်း၍၊ ဤကိစ္စအလို့ငှာ ထိုသူတို့ အသီးသီးကလည်းကောင်း၊ ထို အမိန့်ချမှတ်သည့် အရာရှိကလည်းကောင်း လက်မှတ်ရေးထိုးခြင်း၊ ကြက်ခြေခတ် အမှတ်မှတ်သားခြင်း၊ သို့တည်းမဟုတ် တံဆိပ်ခတ်နှိပ်ခြင်းပြုသည့်အခါ၊ ထိုစာရင်းသည်၊ ထိုသူတို့ပေးဆပ်ရန် တာဝန်ရှိသည့်ငွေနှင့်စပ်လျဉ်း၍၊ အပြီးအပြတ်သက်သေခံဖြစ်စေရမည်။

(၂) ထိုငွေကို ပေးဆပ်ရန် ပျက်ကွက်ခဲ့သော်၊ ပျက်ကွက်သူတို့အပေါ်တွင်၊ အထက်ပါ ပုဒ်မ ၆ ၌ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အရေးယူဆောင်ရွက်နိုင်သည့်အပြင်၊ ခရိုင်ဝန်သည် ပေးဆပ်ရန်ရှိသော စရိတ်စကများ ပြေလည်အောင်ပေးဆပ်ခြင်း မပြုသေးသည့် ကာလအတွင်း —

(က) သီးစားချထားရေးအက်ဥပဒေနှင့် ထိုအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများ အရ၊ အခွင့်အရေးများကို၊ ပျက်ကွက်သူအား၊ နောက်လာမည့် လယ်ယာစိုက်ပျိုး ချိန်တွင် မပေးဘဲ ငြင်းပယ်ရန်သော်လည်းကောင်း၊

(ခ) လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုထားသော အခွင့်အရေးများအနက်၊ မြေကို လက်ရှိထားနိုင်ခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်မှအပ၊ အခြားကျန်ရှိသော အခွင့်အရေးများကို ပျက်ကွက်သူထံမှ ရုပ်သိမ်းရန် သော်လည်းကောင်း

အရေးယူဆောင်ရွက်စေနိုင်သည်။

ရှင်းလင်းချက် ။ ။ အထက်ပါပုဒ်မ ၈ (၂) အရ ပျက်ကွက်သူဆိုသည်မှာ၊ ပေးဆပ်ရန်ငွေကို အမှန်တကယ် ပျက်ကွက်သူကိုသာ ဆိုလိုသည်။ ပိုင်းကြီးချုပ်အရ အခြားတာဝန်ရှိသူများ မပါဝင်ချေ။

၉။ ။ နိုင်ငံတော်သမ္မတသည်၊ အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်၊ အောက်ပါကိစ္စများကို ပြဋ္ဌာန်းရန် ဤအက်ဥပဒေနှင့် ညီညွတ်သော နည်းဥပဒေများ ပြုနိုင်သည် —

*နည်းဥပဒေများ ပြုနိုင်ခွင့် အာဏာ။*

(က) လုပ်ငန်းများနှင့် စီမံကိန်းများ အထမြောက်အောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းနှင့် ဆွေးနွေးခြင်း ပြုပြီးနောက်၊ ၎င်းတို့ကို မည်သည့် နည်းလမ်းဖြင့် အဆိုပြုရန် ကိစ္စ။

(ခ) စရိတ်စကများနှင့် ပေးဆပ်ရန်ရှိသောငွေများကို မည်သည့်အရာရှိများက အမိန့် ချမှတ်ရန်ကိစ္စ။

(ဂ) ပေးဆပ်ရန်ရှိသော ငွေများအတွက် မည်သည့်အာမခံမျိုးကို ရယူရန် ကိစ္စ။ ပေးဆပ်ရန်ရှိသောငွေများနှင့် အတိုးများပေးဆပ်ရေးကိစ္စ။ ထို့ပြင် ပေးဆပ်ရန် ရှိသော ငွေများကို မည်သည့်နည်းလမ်းအတိုင်း မည်သည့်အချိန်တွင် ပေးဆပ်ရန် ကိစ္စ။

(ဃ) ကျခံသည့်ကုန်ကျစရိတ်ကို မည်ရွေ့မည်မျှအရစ်ကျဖြင့် မည်သည့်နည်းလမ်း အတိုင်း ပေးဆပ်ရန်ကိစ္စ။

(င) ဤအက်ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အခြားကိစ္စများ။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။